NEW IDEA
စိတ်ကူးသစ်စာပေ

# မြရတီ

# အချစ်၌ဖြစ်သောအစိမ်းရောင်သမုဒယ



# အခန်း (၁)

အဖေ၊ အမေစကားကို နားမထောင်ဘဲ ဤတောထဲသို့ တစ်ယောက်တည်း လာခဲ့သည်မှာ မှားပြီလားဟု အိုးဝေစိတ်ထဲက လှစ်ခနဲ သံသယဝင်လိုက်သည်။ ရသေ့ကုန်းမှ တစ်ယောက်စာ လူသွားလမ်းကလေးအတိုင်း လျှောက်လာသည်။ လမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် တောမြက်ရိုင်းပင်ကြီးများ အကျယ်အပြန့်ပေါက် ရောက်နေသည်။ သစ်ရာပင်၊ ညောင်ပင်၊ လက်ပံပင်၊ သရက်ပင်နှင့် အခြားသက်ရင့်ပင်များသည် ထိုနေရာ၌ ပင်ချင်းယှက်မျှ ပေါများစွာ ပေါက်ရောက်နေကြသည်၊ ထိုအပင် ကြီးများ၏ အကိုင်းအခက်တို့သည် ကျယ်ပြောသော ပြာလဲ့သော ကောင်းကင်ပြာကြီးအရောက် ထိုးတက်မြင့်ကောင်းလျက် ရှိသည်။ ထိုအပင်ကြီးများ၏ အကိုင်းအခက်များပေါ်မှ တောငှက်လေးများကို ပစ်လို၍ ဤတောထဲသို့လာခြင်းဖြစ်သည်။

သူ့လက်ထဲမှလောက်လေး(လေးခွ)ဖြင့် ထိုငှက်ကလေးများကို ပစ်မည်။ အသေရက အိမ်ရောက်လျှင် ဆီအိုးကင်းထဲ ထည့်ကြော်စားမည်။ အရှင်ဖမ်းမိပါက သူ့အိမ်၌ အသင့်ရှိသော ငှက်လှောင်အိမ်၌ မွေးထားမည်။ အလှကြည့်နေမည်။

“ဟဲ အိုးဝေ၊ မိန်းကလေးတစ်ယောက်တည်း တောထဲ လျှောက်လျှောက်သွားမနေနဲ့။

တော်တော်ကြာ မသူတော်နဲ့တွေ့မှဖြင့်”

အမေ့စကားကို ကြားသော်လည်း အိုးဝေနားခါးလှပါသည်။ သူ့ကိုမိန်းကလေးတဲ့၊ မဟုတ် မဟုတ်နိုင်တော့ပါဟု အိုးဝေစိတ်ချယုံကြည်စွာ

ထင်နေသည်။

သူ့အသက်သည် ကျန်ခဲ့သည့် တန်ဆောင်မုန်းလပြည့်တုန်းက (၁၆)နှစ်ပြည့်ပြီး ကိုယ်ခန္ဓာထွားကြိုင်းဖွံ့ဖြိုးလာသည်။

သို့သော် မိန်းကလေးလိုမဟုတ်။ ယောကျာ်းလေးလို လက်ဖျံသားများ လက်မောင်းသားများ တုတ်ခိုင်ပြည့်ဖြိုးလာသည်။ သူ့ကိုယ်သူသိသည်။ ငယ်ငယ်တုန်းကနှင့်မတူ၊ ဘယ်ဆီက ရောက်လာမှန်းမသိသော အင်အားများလည်း သူ့ခန္ဓာကိုယ်အနှံ့ပျံနှံ့နေသည်။ ပြောရလျှင် အိုးဝေသည် သာမန်ယောကျာ်းတစ်ယောက်လို ဖြစ်လာသည်။ အရာရာကို မကြောက်မရွံ့ မတုန်လှုပ်ဘဲ ရင်ဆိုင်ဝံ့သော သတ္တိများ သူ့စိတ်ထဲ၌ အမြဲရှိနေသည်ဟု ထင်သည်။

သို့သော်...

ခုရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် အိုးဝေတစ်ကိုယ်လုံး ဖျန်းခနဲကြက်သီးထသွားသည်။ ပြူးကျယ်သောမျက်လုံးများဖြင့် မှင်တက်မိကြည့်နေမိသည်။ ယောကျာ်းသုံးယောက်၊ သူတို့သည် အိုးဝေတက်မည့် လှိုဏ်ထိပ်ပေါ်ကဆင်းလာကြသည်။ အိုးဝေက ကြခတ်တောထဲမှ ညာဘက်သို့ ချိုးကွေ့ပြီး လှိုဏ်ပေါ်သို့ တက်မည့် လူသွားလမ်းဘေးမှ ကြို့ပင်ကြီးအနားသို့အရောက်၊ အိုးဝေကို သူတို့အပေါ်စီးမှ လှမ်းမြင်လိုက်ကြခြင်းဖြစ်သည်။

"ကောင်လေးတစ်ယောက်လား၊ ဟာ မဟုတ်ဘူးကွ။ ကောင်မလေးတစ်ယောက် ဟဲ ဟဲ"

အသက်လေးဆယ်ကျော်ခန့်လူကြီးတစ်ယောက်က အိုးဝေကိုလက်ညှိုးထိုးပြရင်း ပြောသည်။ သူတို့သုံးယောက်ထဲတွင် အသက်ကြီးကြီး လူနှစ်ယောက်၊ ပြီးတော့ အသက်နှစ်ဆယ်ကျော်ကျော် လူငယ်တစ်ယောက်ပါသည်။ သူတို့အားလုံး ဘောင်းဘီရှည်များ ဝတ်ထားကြသည်။ လူကြီးတစ်ယောက်နှင့် လူငယ်လက်ထဲတွင် တောပစ်သေနတ် ကိုယ်စီကိုင်ထားကြသည်။

အိုးဝေသည် သက်ပြင်းရှိုက်ကာ သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်သည်။ သူတို့သည် ဤအလယ်ရိုးမတောင်ခြေသို့ တောပစ်ထွက်လာကြသူများဖြစ်သည်။ သူနှင့်တောထဲ၌ အမှတ်မထင် ဆုံမိကြခြင်းဖြစ်သည်။ သူတို့လမ်းသူတို့သွား ကိုယ့်လမ်းကိုယ်သွားကြရုံသာရှိသည်။ ဘာမှစိုးရိမ်ကြောက်ရွံ့နေစရာမလိုဟု စိတ်ထဲမှတွေးရင်း အိုးဝေသည် လျှိုအတက်လမ်းပေါ်သို့ ခပ်ဖြေးဖြေးတက်လာသည်။

"ဟား...ကောင်မလေးမှ ကောင်မလေးအစစ်ကွ။ မင်းသော် တောထဲကပျားအုံကြီး

မင်းမှတ်ဆိတ် လာစွဲပြီထင်တယ် ဟား ဟား"

ပထမပြောသော လူကြီးမဟုတ် ဒုတိယလူကြီးက အသံသြသြကျယ်ကျယ်ဖြင့် ပြောလိုက်ပြန်သည်။ သူတို့အားလုံး သဘောတကျတဟား ဟား ရယ်ကြသည်။ လျှိုပေါ်တွင် တိုက်နေသောလေနှင့် အတူ သူတို့ထံမှ အရက်နံ့ရလိုက်သည်။ မည်သို့ဖြစ်စေ အိုးဝေက သူတို့ကို အရေးလုပ်ကြည့်မနေဘဲ၊ ခြေလှမ်းမှန်မှန်နှင့်ပင် လျှိုပေါ်သို့တက်လာသည်။ သူတို့ကလည်း အောက်ဖက်သို့ ဆင်းလာကြသည်။

ခဏကြာသောအခါ အိုးဝေနှင့် သူတို့ ဝါးသုံးလေးရိုက်ခန့် အကွာအဝေးသို့ ရောက်လာသည်။

"ဟော့ ရပ်ပါဦး၊ ညီမလေးက တောထဲကို တစ်ယောက်တည်းဘာလာလုပ်တာလဲ"

အိုးဝေက လမ်းလျှောက်ရပ်လိုက်ရင်း ဖျတ်ကနဲ ခေါင်းမော့ကြည့်သည်။ သူနှင့် ဝါးနှစ်ရိုက်ခန့်အကွာ၌ လူငယ်ကရပ်နေသည်။ အသားညိုညို ကိုယ်လုံးကိုယ်ထည် ပြည့်ဖြိုးကြံ့ခိုင်၍ ယောကျာ်းပီသသူဟု အိုးဝေတွေးလိုက်ပြီးမှ သူ့မျက်နှာပေါ်၌ တွေ့ရသော အမူအယာကြောင့် ချက်ချင်းအထင်သေး စက်ဆုပ်သွားသည်။ မျက်လုံးအစုံတွင် အရက်ခိုးအငွေ့များအပြင်

တဏှာခိုးအငွေ့များ ပါတွေ့ရသည်။ လူကြီးနှစ်ယောက်၏ အပြောအဆို၊ ပြီးတော့ ထိုလူငယ်၏ အမူအရာနှင့် လေသံတို့ကြောင့် သူတို့သည်ရိုးသာသူများမဟုတ်တော့။ သူ့ဆီမှ ရလိုမှုတစ်ခုကြောင့် သူ့ကို အန္တရာယ်ပြုတော့မည့်သူများဟု အိုးဝေနားလည်လိုက်သည်။

“ပြောပါဦး ညီမလေးရဲ့၊ မင်းက တောထဲကိုဘာလာလုပ်တာလဲ”

“ကျွန်တော်ငှက်လာပစ်တာ၊ ဘာလုပ်မလို့လဲ”

“ဩော်...ဟဲ ဟဲ”

လူငယ်သည် ပြောရင်းရယ်ရင်း ရှေ့သို့တိုးလာသည်။

“မင်းက လုံချည်နဲ့ရှပ်အင်္ကျီနဲ့ ယောကျာ်းလေးလို ဝတ်ထားတော့ ပိုပြီး ချစ်စရာကောင်းနေတယ်”

“ကိုယ့်လမ်းကို သွားပါဗျာ၊ အနှောက်အယှက်မပေးပါဘူး။ တို့က မင်းကိုချစ်မှာပါ”

လူငယ်သည် ထိုစကားပြောရင်း လမ်းလျှောက်ရပ်လိုက်သည်။ လူကြီးနှစ်ယောက်သည် လူငယ်နောက်၌ ရပ်ကာ အိုးဝေကိုအကြည့်တစ်မျိုးဖြင့် ပြုံးကြည့်နေသည်။ အသားဖြူဖြူ လူကြီးတစ်ယောက်၏ ဘယ်မျက်လုံးတစ်ဖက်သည် ပျက်နေသည်။ မျက်လုံးသူငယ်အိမ်တစ်ခုလုံး မျက်ဖြူသားများဖြင့် ပိတ်နေသည်ဟု အမှတ်သညာတစ်ခုက ကိုအိုးဝေစိတ်ထဲသို့ တိုးဝင်လာသည်။ ထိုလူကြီးသည် တစ်ဖက်တည်းသော မျက်လုံးဖြင့် အိုးဝေကို ဖြီတီတီလှမ်းကြည့်ရင်း-

“ကဲ မင်းသော် မင်းတို့အချစ်ကား ရိုက်ကြအုံး၊ တို့ ဟိုဘက်သွားပြီး တောကောင် ရှာလို့အုံးမယ်”

ထိုလူကြီးက မင်းသော်လက်ထဲမှ သေနတ်ကို လှမ်းယူသည်။ ပြီးလျှင်

လူကြီးနှစ်ယောက်စလုံးသည် တစ်ဖက်လှျိုစောင်းသို့ ဆင်းသွားကြသည်။ အိုးဝေရင်ထဲ၌ ဒိန်းကနဲ မြည်သွားသည်။ သူ့ထံသို့ အန္တရာယ်တို့ သေသေချာချာရောက်လာကြပြီး၊ သူ့တွင် ခုခံကာကွယ်ရန် လောက်လေးတစ်ချောင်းနှင့် လွယ်အိတ်တစ်လုံးစား လောက်စာလုံးများသာရှိသည်။ ထို့ကြောင့် ချက်ချင်းပင် လွယ်အိတ်ထဲမှ လောက်စာလုံးများသာရှိသည်။ ထို့ကြောင့်ချက်ချင်းပင် လွယ်အိတ်ထဲမှ လောက်စာလုံးတစ်ဆုပ် နှိုက်လိုက်ကာ တစ်လုံးကို လောက်စာအိမ်တွင်ထည့်လျှက် အသင့်ပစ်ရန် အနေအထားနှင့်ရပ်နေလိုက်သည်။

“ခင်ဗျာ ရှေ့တိုးမလာနဲ့နော်၊ ကျွန်တော် ပစ်ထည့်လိုက်မှာ ခင်ဗျားမျက်လုံးတွေ ကန်းသွာအောင် ကျွန်တော်ပစ်ထည့်လိုက်မှ”

အိုးဝေအသံသည် ကျယ်သော်လည်း တုန်နေသည်။ မင်းသော်သည် အိုးဝေအပြောကို သဘောကျရယ်မောလိုက်ပြန်သည်။

“မင်းကလည်းကွာ၊ သိပ်ရန်လိုတာကိုး။ တို့ကမင်းကို ရန်မလိုပါဘူး။ ချစ်မလို့ပါလို့ဆိုနေတယ် ဟဲ ဟဲ”

“ကဲဗျာ ကဲဗျာ”

အိုးဝေသည် လောက်လေးဖြင့် လှမ်းပစ်သည်။ မင်းသော် မျက်နှာဆီသို့ ချိန်၍ ပစ်သော်လည်း မင်းသော်က သူ့ခန္ဓာကိုယ်ကို ဟိုယိမ်းသည်ယမ်းဖြင့် လှုပ်ရှားရှောင်တိမ်းသဖြင့် လောက်စာလုံးများမှာ မျက်နှာကိုမထိ ခန္ဓာကိုယ်ကိုသာထိသည်။ မင်းသော်လည်း လောက်စာလုံးဒဏ်ကို ပန်းပွင့်များဖြင့် ပစ်ပေါက်နေသည့်အလား မထေမဲ့မြင်ပြုကာ တဟဲဟဲရယ်မောရင်း အိုးဝေရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။

အိုးဝေက နောက်ဆုတ်သည်။ ပစ်ပြေးပြေးရန် ရည်ရွယ်လျက် ပြေးပေါက်ကို ရှာသည်။ သို့သော် ပြေးပေါက်ကမရှိ။ ဒီအတိုင်းဆက်၍

နောက်ဆုတ်သွားလျှင် လှိုဏ်ကြီးအတွင်းရှိ ချိုင့်ဝှမ်းကြီးထဲသို့ သာပြန်ရောက်သွားနိုင်သည်။ ထိုအခါ ကျားသတ္တဝါတို့ အသားစားရန် နေရာကို ဖိတ်ခေါ်သလိုဖြစ်သွားမည်။ တစ်စုံတစ်ယောက်ကို အော်ဟစ်အကူအညီ တောင်းရမည်လား။ ဒါလည်းပို၍ မဖြစ်နိုင် ဒါကြောင့် ရှိသမျှ လောက်စာလုံးတို့ဖြင့် အဆက်မပြက်ပစ်ကာ နောက်ဆုံးချက်ကောင်းကို ထိမှန်အောင် ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်မိသည်။ နီးကပ်သည်ထက် နီးကပ်လာသည်။

အိုးဝေသည် "ကဲကွာ ကဲကွာ" ဟု နှုတ်မှဆိုရင်း လောက်လေးဖြင့် မင်းသော်၏ မျက်နှာတည့်တည့်သို့ ပစ်သည်။ သို့သော် မင်းသော်က လောက်စာလုံးတို့ကို တက်နိုင်သမျှ ရှောင်တိမ်းရင်း သူ့အနားသို့ရောက်လာဖြင့် အိုးဝေနောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"အမလေး"

ထိုစဉ် အိုးဝေခြေတစ်ဖက်က ချိုင့်ခွက်တစ်ခုအတွင်းသို့ ကျသွားသည်။ အိုးဝေတစ်ဖက်သို့ ယိုင်လဲသွားသည်။ မင်းသော်သည် အိုးဝေကိုယ်ပေါ်သို့ ကျားတစ်ကောင်ကသားကောင်ကို ခုန်အုပ်လိုက်သလို လွှားခနဲခုန်အုပ်လိုက်သည်။ မင်းသော်ရော အိုးဝေပါ မြေပေါ်သို့ လုံးထွေးကျသွားသည်။

"ခင်ဗျား မယုတ်မာနဲ့နော်၊ ကျွန်တော်အသက်နဲ့ လဲပစ်လိုက်မယ်။ ခင်ဗျား ယုတ်မာတာတော့ မခံဘူး"

အိုးဝေသည် သူ့ခန္ဓာကိုယ်ကို တတ်နိုင်သမျှ လူးပ်ရှားရုန်းကန်ရင်း သူ့ပေါ်မှမင်းသော်မျက်နှာကို လက်သီးဖြင့် ဘယ်ပြန်ညာပြန်ထိုးသည်။ လက်ဖြင့်ကုတ်ခြစ်သည်၊ ပထမ၌ မင်းသော်မှာ တဟဲဟဲ ရယ်မောရင်း အိုးဝေလုပ်သမျှကို မည်သို့မျှ မတုန့်ပြန်သော်လည်း အိုး၏ လက်သီးဒဏ် ကုတ်ခြစ်သည့်ဒဏ်တို့ကြောင့် မျက်နှာပေါ်တွင် သွေးချင်းချင်းနီလျက် နာကျင်လာသောအခါ မျက်နှာချက်ချင်းတည်သွားသည်။

“မင်းက ဇာတ်နှုရိုက်လို့ မရဘူး။ ဇာတ်ကြမ်းရိုက်မှ ရမယ့်ကောင်မကိုး၊ ရတယ်”ဟု ပြောကာ ဒေါသမျက်လုံးများဖြင့် အိုးဝေကို တစ်ချက်ကြည့်လိုက်သည်။ ပြီးလျှင် ညာလက်ဝါးစောင်းဖြင့် အိုးဝေ၏ လည်စောင်းကို ခပ်ပြင်းပြင်းရိုက်ချလိုက်တော့လေသည်။

“အား”

အိုးဝေနှုတ်မှ တစ်ချက်အော်လိုက်သေးသည်။ ပြီးနောက် အိုးဝေ၏ လက်နှစ်ဖက်လုံး မြေပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားကာ ငြိမ်သက်သွားတော့သည်။ မင်းသော်သည် မြေပေါ်မှ အိုးဝေမျက်နှာကို တခဏမျှကြည့်နေသေးသည်။ တစ်ဖက်သို့စောင်းကျနေသောမျက်နှာကို သူ့လက်ဖြင့် ကိုင်ကာတည့်ပေးသည်။ အိုးဝေ၏ ပါးနှစ်ဖက်ကို သူ့လက်ဖြင့် အသာအယာပွတ်နေမိသည်။ ကောင်းကင်၌ ရုတ်တရက် မိုးအုံ့လာသည်။ အလင်းရောင်က ဖျော့တော့သွားသည်။ ထိုစဉ် လျှိုပေါ်မှ လေရူးတစ်ချက်ဂျူးကနဲဝေ့တိုက်လာသည်။ ကြခတ်တောမှ ရွက်ချင်းခတ်သံ တရှဲရှဲကို နောက်ဆုံးကြားလိုက်ရတော့သည်။

အိုးဝေ ကြိုးပင်တန်းရွာသို့ ပြန်ရောက်သောအခါ မိုးစုပ်စုပ်ချုပ်ပြီး၊ ရွာထဲသို့ အရက်သွားသောက်နေသဖြင့် အိမ်၌ အဖေဦးစိန်မွှန်းမရှိ။ အမေဒေါ်မြအေးသည် နောက်ဖေးမီးဖိုချောင်တွင် ထမင်းအိုးတည်နေသည်။ အိုးဝေအမေ့အနားသို့ ကပ်သွားကာ အကျိုးအကြောင်းကို လေအေးအေးနှင့်ပင် ပြန်ပြောပြသည်။

“ဟယ် ဘုရား၊ ဘုရား အဲဒီ တော့ တို့ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်မလဲဟင်”

အမေက ကြောက်လန့်တကြားအော်သည်။ မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် သူသိချင်တာတွေကို ဆက်တိုက်မေးသည်။ ပြီးတော့ အမေ့အသံသည် ကြေကွဲသံဖြင့် တဖြည်းဖြည်း တုန်ယင်လာသည်။

“အမလေး အဖြစ်ဆိုးလိုက်တဲ့ သမီးလေးရယ်”

ဟုဆိုကာ နောက်ဆုံး၌ အိုးဝေကိုဖက်ပြီး ငိုတော့သည်။

“အဲဒီ တော့ ဘယ်လိုလုပ်ကြမလဲ၊ ပြောပါအုံး အိုးဝေရဲ့”

“ကျွန်တော်ကတော့ ဘယ်လိုမှမလုပ်ချင်ဘူး၊ ဘာမှလဲ မလုပ်တတ်ဘူး၊ ပြီးတော့ အဲဒီ လူတွေဟာ ဘယ်သူတွေမှန်းလည်း မသိဘူး။ ဘယ်ကလာမှန်းလည်းမသိဘူး။ ခုဆို သူတို့ ဘယ်ကိုရောက်သွားပြီလည်းဆိုတာလဲ မပြောနိုင်ဘူး”

“ဘိုဂတ်အိမ်ကြီးကိုလာကြတဲ့ လူတွေများလား”

“အမဲပစ်လာကြတဲ့ လူတွေဆိုတော့ အဲဒီ အိမ်ကိုလာကြတဲ့ သူတွေလည်းဖြစ်နိုင်တာပဲ၊ ဒါပေမယ့် မသေချာပါဘူး”

“ဒီလိုဆိုရင် တို့လက်ပံတန်းဂါတ်ကို သွားတိုင်ကြမယ်လေ မကောင်းဘူးလား”

“မတိုင်နဲ့”

အိုးဝေအသံက အတော်ကျယ်သွားသည်။ အမေသည် အိုးဝေအသံကြောင့် အိုးဝေကို ဖျတ်ခနဲမော့ကြည့်သည်။ အမေ့ရှေ့တွင် စိတ်ကိုချုပ်တည်းထိန်းချုပ်ထားရင်းကပင် အိုးဝေသည် အပေါ်သွားဖြင့် အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားလိုက်သည်။ အိုးဝေမျက်လုံးအစုံမှာ ရေနံဆီမီးခွက် အလင်းရောင်နှင့် ဆစ်ဖျတ်ဖျတ် အရောင်ထွက်နေသည်။ ကြီးမားသော စိတ်အင်အားတို့သည် အိုးဝေ၏ မျက်စိသူငယ်အိမ်တွင် စုစည်းရောက်ရှိ၍ နေသည်။ စူးရှသော အလင်းတန်းအချို့ကို မြင်ရသည်။ ထိုအလင်းတန်းတစ်လျှောက်၌ ဒေါသ၏ အငွေ့အသက်များ ယှက်သန်းနေသည်။

ဘိုဂတ်အိမ်ကြီးဆိုသည်မှာ အလယ်ရိုးမတောင်၏

တောင်ခြေမရောက်တရောက် နေရာ၌ ရှိသည်။ အိုးဝေတို့ ကြိုးပင်တန်းရွာနှင့် ငါးမိုင်ခန့်ဝေးသည်။ အင်္ဂလိပ်အစိုးရလက်ထက်က ဟင်နရီဘိုဂတ်စ်ဆိုသော အင်္ဂလိပ်သစ်တောမင်းကြီး တစ်ယောက်သည် ထိုနေရာ၌ ဘန်ဂလိုတစ်ခုဆောက်ကာ အခြေချနေထိုင်ရင်း အမဲလိုက်ခဲ့သည်။ နောင်သော် ထိုသစ်တောမင်းကြီး၏ လက်အောက် သစ်တောအရေးပိုင်တစ်ယောက်က ဆက်လက် အခြေချနေထိုင်ခဲ့သည်။ ယခုအခါ ထိုသစ်တောအရေးပိုင်ကြီးသည် အသက်ကြီး၍ အလုပ်မှ အနားယူသွားပြီး။ ထိုဘန်ဂလို၌ မနေတော့။ ၄င်း၏ တပည့်သားမြေးများ ဆက်လက်နေထိုင်လျက်ရှိသည်။ ယခုတိုင် သစ်တောမင်းကြီးဟင်နရီ ဘိုဂတ်စ်၏ နာမည်ကို အစွဲပြုကာ ထိုဘန်ဂလိုကို ဘိုဂတ်စ်အိမ်ကြီးဟု အများကခေါ်ကြသည်။

အိုးဝေကို့ စော်ကားသူတို့သည် ထိုအိမ်ကြီးသို့ လာရောက်တည်းခိုရင် အမဲပစ်ထွက်လာသူများ ဖြစ်နိုင်သည်။ သို့သော် အိုးဝေက ထိုအချက်ကို အလေးထားမစဉ်းစား။ သူ့စိတ်ထဲ ရင်ထဲ အသည်းထဲတွင်ခိုင်ခိုင်မာမာချထားသော ဆုံးဖြတ်ချက်ကား ထိုသူတို့အား ရဲဌာနသို့တိုင်၍ အမှုဖွင့်ကာ ဥပဒေအရအရေးမယူချင်။ သူ့နည်းသူ့ဟန် သူ့စိတ်တိုင်းကျ လက်စားချေပစ်လိုက်ချင်သည်။ ယခုဆန္ဒနှင့် ဆုံးဖြတ်ချက်မှာဖြစ်တုန်းခဏ သွေးပူတုန်း ဒေါသတွေဆူနေတုန်း ဖြစ်ပေါ်လာခြင်းမဟုတ်။ သံမဏိဆုံးဖြတ်ချက်နှင့် အသည်းနှလုံးထက်၌ သံမဏိတံဆိပ်ခတ်နှိပ်ထားလိုက်ခြင်းဖြစ်သည်။

“အဖေ့ကို အသိပေးရုံပဲ အမေကပြောပြထားလိုက်ပါ။ ကျွန်တော် မနက်မိုးလင်းလင်းချင်း

စစ်ကွင်းကိုသွားမယ်”

အမေက အိုးဝေကို မော့ကြည့်သည်။

“စိန်လေးဆီ ဘာသွားလုပ်မှာလဲ”

“အစ်မစိန်လေးဆီ ကျွန်တော်သွားနေမယ်။ ကျွန်တော်
ဟိုဟာဖြစ်လာရင်လည်း အဲဒီ မှာပဲ မွေးမယ်”

“ဟယ်”

“နောက်ပြီးတော့လဲ”

အိုးဝေက အမေ့ကို စေ့စေ့ကြည့်သည်။

“ကျွန်တော် ဒီအိမ်ကို ပြန်မလာတော့ဘူး။ ကျွန်တော့်ဘဝတိုးတက်ရေးနဲ့
ခုကိစ္စ

ကျွန်တော်ဖြေရှင်းဖို့ ကျွန်တော်စွန့်စားခန်းဖွင့်တော့မယ်”

“မဟုတ်ပါဘူး၊ နေပါအုံး”

“အမေဘာပြောချင်လို့လဲ”

“ခုဖြစ်ခဲ့တဲ့ ကိစ္စက ဘယ်သူမှသိတာ မဟုတ်သေးဘူး၊ ပြီးတော့လေ
နောင်ပြဿနာတစ်ခုခု ပေါ်မလာအောင်လဲ ခုချိန်မှာ”

“ဘာ”

အမေခေါင်းငုံ့မသွား အိုးဝေနှင့် မျက်လုံးချင်းဆိုင်ကာ အတန်ကြာ
ကြည့်နေသေးသည်။ သို့သော် ခဏကြာလျှင် အမေသည်သက်ပြင်းရှိုက်ကာ
ခေါင်းငုံ့သွားသည်။

“ဘာပြဿနာမှ မသိတဲ့၊ ဘာအပြစ်မှမရှိတဲ့ ကလေးတစ်ယောက်ကို
ကျွန်တော်

သတ်မပစ်ချင်ဘူးအမေ”

အိုးဝေက ယတိပြတ်ပြောရင်း အမေ့အပါးမှ ခွာလိုက်သည်။

အမေ့စိတ်ထဲကမူ သည်ပြဿနာမှာ မုချ သေချာဖြစ်လာနိုင်သည်ဟု ကံသေကံမ မပြောနိုင်။ ငါ့သမီးလေး ကံကောင်းပါစေ။ သည်ကိစ္စသည်နေရာတွင်ပင် ပြီးသွားပါစေဟု ဆုတောင်းနေမိသည်။ သို့သော်အိုးဝေမှာ ထိုညတစ်ညလုံး အိပ်မပျော်ပါ။

သူ့ခံစားချက်သည် မိန်းကလေးတစ်ယောက် အစော်ကားခံရသဖြင့် ဖြစ်ပေါ်တတ်သော နာကြည်းချက်မျိုးသာမက သူ့ဘဝ၏ ရည်မှန်းချက်အားလုံးကို ရိုက်ချိုးဖြတ်ဆီးပစ်လိုက်သလို ဖြစ်သွားသဖြင့်ကျိတ်မနိုင်၊ ခဲမရဖြစ်နေသည်။ အိုးဝေသည် ယောကျာ်းကလေးမဟုတ်သေးပါ။ ထိုအချက်ကို မိန်းမဘဝ၊ မိန်းမတို့၏ သဘာဝတရားများကိုရင်ဆိုင်ရင်း ကိုယ်တိုင်သိပါသည်။ သို့သော် အိုးဝေသည် အသက်၅နှစ်အရွယ် ကျောင်းနေစဉ်မှစ၍ ယခုအချိန်ထိ သူ့ကိုယ်သူ ယောကျာ်းကလေးတစ်ယောက်ဟု ထင်စိတ်၊ ယောကျာ်းကလေးဖြစ်ချင်စိတ်သည် သူ့အပေါ်တွင် များစွာစိုးမိုးခဲ့သည်။ တစ်နေ့တွင် ယောကျာ်းစင်စစ် ဖြစ်ရမည်ဟုလည်း သူ့ကိုယ်သူ ယုံကြည်နေခဲ့သည်။ ထိုစိတ်မျိုး ဘာကြောင့်ဖြစ်လာရသည်ကိုတော့ အိုးဝေကိုယ်တိုင်မသိ။ စိတ်ထဲကလို နက်နက်ရှိုင်းရှိုင်း ခံစားမျှော်လင့်နေခဲ့ခြင်း ဖြစ်သည်။

သို့သော် မနေ့က အဖြစ်သည်။သူ၏ မိန်းမဘဝ အစစ်အမှန်ကို လှစ်ဟဖော်လိုက်သလို ဖြစ်သွားသည်။ မိန်းမတစ်ယောက်၊ ထိုမိန်းမတစ်ယောက်ကို ယောကျာ်းတစ်ယောက်က စော်ကားသည်။ ပန်းကောင်းအညွန့်ကျိုးဖြစ်သွားသည်။ စသော စကားတို့သည် သူ့နားထဲသို့ ခါးသည်းအခံရခက်စွာ ဝင်ရောက်လာသည်။ ‘ငါမိန်းမတစ်ယောက်ထက် ဘာမှမပိုသေးပါလား’ ‘မိန်းမတစ်ယောက်မို့လို့ ဒီလိုဖြစ်ရတာ ပါလား’ ဟုဆက်၍ တွေးရင်း အိုးဝေ၏ မိန်းမဘဝသည် ထင်ထင်ရှားရှား ရုပ်လုံးပေါ်လာသည်။ ထိုအခါ သူ့ဘဝရည်မှန်းချက်အားလုံးသည် ကျိုးပဲ့ပျက်စီးကုန်သည်။ အစော်ကားခံရသည်ထက် အစော်ကားခံ မိန်းမဘဝကို ပို၍ ကြောက်ရွံ့စွာ ထင်မြင်လာသည်။

'ဒါ ဒင်းကြောင့် မင်းသော်ဆိုတဲ့ လူယုတ်မာကြောင့်'-

နှုတ်မှပင် အသံကျယ်ကျယ်ထွက်သွားသည်။ ပတ်ဝန်းကျင်သို့ ယခုတိုင်အလင်းရောင် လုံလောက်စွာ မရောက်သေး။ ရိုးမတောင်တန်းပေါ်၌ မြူခြေများဆိုင်းနေသည်။ အိပ်တန်းဆင်းငှက်တစ်အုပ်တောင်ပေါ်မှ တောင်အောက်သို့ ဆင်းလာသည်ကို မြင်ရသည်။ ငှက်ကလေးတွေကို မြင်ရမှ မနေ့ကအဖြစ်က ပြန်ပေါ်လာပြန်သည်။ 'တောက်' တစ်ချက်ပြင်းပြင်းခေါက်လိုက်သည်။ မည်သို့ဆိုစေ မနေ့ကဖြစ်ခဲ့သော အချိန်အနည်းငယ်ကြာမျှ အဖြစ်အပျက်တစ်ခုကြောင့် ရှည်လျားဒသော သူ့ဘဝနှင့် သူ့ရည်မှန်းချက်များကို အပျက်စီးမခံနိုင်၊ အထိခိုက်မခံနိုင် ဟုအိုးဝေစိတ်ပြန်တင်းလိုက်သည်။ သူ့အကျင့်အတိုင်း အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် တင်းတင်းကိုက်ထားလိုက်သည်။

ဖုန်ထူသော မန်ကျည်းတန်းကိုလွန်၍ ဘယ်ဘက်သို့ ကွေ့လိုက်သောအခါ မြေလမ်းနီနီတစ်ခုကို တွေ့ရသည်။ ထိုမြေနီနီ၏ အဆုံး၌ ကားသစ်သားဝင်းတံခါးပိတ်ထားသည့် ဘိုဂတ်(စ်)ဘန်ဂလိုကြီးကို ပြာလဲ့သော ကောင်းကင်အားနောက်ခံပြုလျက် အထီးထီး တွေ့လိုက် ရတော့သည်။

စေ့ရုံစေ့ထားသဖြင့် လက်ဖြင့် အသာတွန်းလိုက်သောအခါ ဝန်းတံခါးသည် ကျွီခနဲမြည်ကာ အနည်းငယ်ဟသွားသော တံခါးရွက်ကြားမှ ခြံဝန်းထဲသို့ ဝင်လိုက်သည်။ စလွယ်သိုင်းထားသော ခရီးဆောင်သားရေအိတ်အောက်မှ ဂျာကင်အိတ်ထဲသို့ လက်ဖြင့်နှိုက်ကြည့်သည်။ သားရည်ဓားအိမ်တွင် အသင့်ထည့်ထားသော ဓားမြှောင်တစ်လက်ကို တွေ့ရသည်။ အိုးဝေဘန်ဂလိုထဲသို့ ဆက်လျှောက်လာစဉ် ဆင်ဝင်အောက်မှ အင်းခွေးတစ်ကောင် ပြေးထွက်လာကာ အိုးဝေကို ထိုးဟောင်သည်။

အိုးဝေသည် လမ်းလျှောက်ရာမှာ ခဏရပ်လိုက်ရင်း ဘန်ဂလို၏ အခြေအနေကို အကဲခတ်လိုက်သည်။ လူသူ အရိပ်ရောင်မတွေ့ရသေး။ သို့သော်

ခဏကြာသောအခါ အဆက်မပြတ်ဟောင်နေသော ခွေးသံကြောင့် မိန်းကလေးတစ်ယောက် ဘန်ဂလိုထဲမှ ထွက်လာသည်။

“ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်”

မေးရင်း ထိုမိန်းကလေးသည် အိုးဝေကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ အကဲခတ်သည်။

“သူတို့ပြန်သွားကြပြီလား”

အိုးဝေက စိတ်ထဲမှ ကြိုတင်တွက်ဆထားသည့်အတိုင်း ထိုစကားကို ရေလာမြောင်း ပေးပြောလိုက်သည်။

“ဘယ်သူတွေလဲဟင်”

“အမဲပစ်ထွက်လာတဲ့ လူတွေလေ”

“သြော် သိဒ္ဓိအောင်တို့ ညီအကိုတွေကို ပြောတာထင်တယ်။ သူတို့မနေ့ညကဘဲ ပြန် သွားတယ်၊ သူတို့အမေ နေမကောင်းတဲ့အကြောင်း ရန်ကုန်အိမ်က လူလွှတ်ပြီးလာပြောလို့ နေပါအုံး၊ ညီမလေးက အဲ အဲလေ မောင်လေးက သူတို့နဲ့”

“ကျွန်တော်ပြောပါ့မယ်”

အိုးဝေက ထိုမိန်းကလေးဆီသို့ လျှောက်လာသည်။ ခွေးက ထိုးဟောင်နေပြန်သဖြင့် ထိုမိန်းကလေးသည် ခွေးကို ဘန်ဂလိုနောက်ဖက်အရောက် မောင်းထုတ်လိုက်ရင်း-

“လာပါ အပေါ်ကိုတက်ပါအုံး၊ ကျွန်မတစ်ယောက်တည်း၊ ဖေဖေဦးဒွေးကျော်နဲ့ အဖွဲ့က

လင်းအားကြီးကပဲ ကြီးဝိုင်းထဲကို ထွက်သွားကြတယ်”

ဘန်ဂလိုအောက်ထပ် တမံသလင်းပေါ်တွင် စားပွဲတစ်လုံးချထားသည်ကိုသာ တွေ့ရ၍ မည်သည့် ပစ္စည်းပစ္စယမှ မရှိ။ အိုးဝေသည် အပေါ်ထပ်တက်ရန် တစ်ထစ်ချိုးကွေ့ ကျွန်းလှေကားပေါ်သို့ ထိုမိန်းကလေးနောက်မှ တက်လိုက်လာသည်။ အပေါ်ထပ်သို့ရောက်သောအခါ ကျယ်ပြန့်သော ဧည့်ခန်းတစ်ခုကိုတွေ့ရသည်။

"ထိုင်ပါ ကျွန်မနာမည် ဒွေးသီတာပါ။ သစ်တောခေါင်ကြီး ဖေဖေဦးဒွေးကျော်ရဲ့သမီးအလတ်ပါ"

အိုးဝေက ဆိုဖာခင်းထားသော ကျွန်းထိုင်ခုံတစ်ခုပေါ်တွင် ဝင်ထိုင်သည်။ ဒွေးသီတာက အိုးဝေနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်သည်။

"ကျွန်တော်က ကြိုးပင်ကုန်းရွာကပါ။ ဟိုတစ်နေ့က သူတို့ကျွန်တော့်ရွာကို ရောက်လာပြီး၊

ကျွန်တော့်အိမ်မှာ ခဏနားကြတယ်"

"သြော် ဟုတ်လား ပြောပါအုံး"

"ထူးထူးထွေထွေအကြောင်းတော့ မရှိပါဘူး အစ်မရယ်၊ သူတို့နဲ့ ခင်မင်ရင်းနှီးခဲ့တော့

တွေ့ချင်လို့လာတာ ခုတော့ အင်း"

အိုးဝေက စကားဖြတ်လိုက်ရင်း ဧည့်ခန်းကြီးကို တစ်စေ့တစ်စောင်း လျှောက်ကြည့်နေသည်။ ဧည့်ခန်းရှိ နရံလေးဘက် လေးတံလုံးသားကောင်းတို့မှ ခွာထားသော သားရေများ၊ ဦးခေါင်းများ၊ ချိုများချတ်ဆွဲထားသည်။ မြွေရေခွံများကိုလည်း နရံထက်မှ ကြမ်းပြင်အရောက် တိုးလို့တွဲလောင်း ချိတ်ဆွဲထားသည်ကိုတွေ့ရသည်။ ဧည့်ခန်းထောင့်စားပွဲပေါ်တွင် တင်ထားသော ပါးစပ်ဖြဲနေသည့် ကျားခေါင်းကြီးကို ရုတ်တရက်တွေ့စဉ်

အိုးဝေလန့်သွားသေးသည်။

“အမဲလိုက်တဲ့ သူတွေတော်တော်လာကြတယ်ထင်တယ်နော်”

“ဟုတ်တယ် ဖေဖေကိုယ်တိုင်လည်း အမဲလိုက်ဝါသနာပါတော့ အမဲလိုက်ဝါသနာပါတဲ့

ဖေဖေ့မိတ်ဆွေအပေါင်းအသင်းတွေ၊ တပည့်တပန်းတွေ အတော်လာကြပါတယ်၊

မောင်လေးကကော အမဲလိုက်ဝါသနာပါလို့လား”

“ဆိုပါတော့ ဒါပေမယ့် မုဆိုးမလုပ်တတ်သေးဘူးလေ၊ အစ်မပြောတဲ့ သိန္ဓိအောင်တို့ မပြန်သေးရင် သူတို့နဲ့အတူ အမဲလိုက်မလို့ ရည်ရွယ်ပြီးထွက်လာတာ ပြီးတော့..”

“ပြီးတော့ ဘာဖြစ်လဲ မောင်လေး”

“ဟိုလေ ဒီတစ်ရက်နှစ်ရက်အတွင်း တစ်ခြားအမဲလိုက်တဲ့ သူတွေကော ဒီဘန်ဂလိုကို လာသေးလား အစ်မ၊ ဟိုလူငယ်တစ်ယောက်နဲ့ လူကြီးနှစ်ယောက်ဗျာ”

ဌေးသီတာက အိုးဝေကို ဖျတ်ခနဲမော့ကြည့်သည်။

“ဟင့်အင်း ခုရက်အတွင်းတော့ သိန္ဓိအောင်တို့အပြင် တစ်ခြားဘယ်သူတွေမှ အမဲပစ်ဖို့ ရောက်မလာကြပါဘူး၊ ဘာဖြစ်လို့လဲမောင်လေး”

အိုးဝေက ဟန်လုပ်ရယ်လိုက်သည်။

“ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ အဲဒီ လူတွေနဲ့လည်း ကျွန်တော်တွေ့ခဲ့သေးတယ်ဗျာ

ခုလောက်ဆို သူတို့လည်း ပြန်သွားကြရောပေ့ါလေ၊ ဒါနဲ့အစ်မ”

ဌေးသီတာသည် အိုးဝေကို စေ့စေ့ပြန်ကြည့်သည်။

“ရန်ကုန်က သိန္ဓိအောင်တို့ လိပ်စာကို အစ်မသိလားဟင်၊ တစ်ခါတစ်လေ ရန်ကုန်ကို

မျက်စိလည်ရောက်သွားရင် သူတို့အိမ်ကို ကျွန်တော် သွားလည်ချင်လို့ပါ”

ဌေးသီတာသည် ခေတ္တမျက်လုံးမှေး၍ စဉ်းစားသည်။

“အတိအကျတော့ မသိဘူး မောင်လေးရဲ့၊ ဗဟန်းရက်ကွက်က နန္ဒာဝန်လမ်းထဲမှာ

နေကြတယ်လို့တော့ ကြားမိတာပဲ”

သူ့ကိစ္စအတွက် အိုးဝေထိုမျှသာ သဲလွန်စရလိုက်သည်။ သူက ဤဘန်ဂလိုသို့ ထွက်လာစဉ်ကတည်းက သိပ်မျှော်လင့်ချက်မထား အကယ်၍ မင်းသော်တို့ လူသိုက်သည် ဤဘန်ဂလို၌ တည်းကာအမဲပစ် ထွက်လာကြသူများဖြစ်ဦးတော့ မင်းသော်ကျူးလွန်ခဲ့သော ပြစ်မှုကြောင့် ချက်ချင်းပြန်သွားကြပေမည်ဟု အိုးဝေ တွက်ထားပြီးသား ဖြစ်သည်။ သိန္ဓိအောင်တို့၏ အိမ်လိပ်စာကို ယူထားရသည်မှာ လိုရမယ်ရဖြစ်သည်။ အမဲလိုက်ဝါသနာပါသူ အချင်းချင်းမို့အကယ်၍ သိန္ဓိအောင် တို့သည် မင်းသော်တို့ကို သိရှိနေခဲ့လျှင် အိုးဝေအဖို့ အားကိုးလောက်သော သဲလွန်စကို ရမည်မဟုတ်ပါလား။

ဌေးသီတာသည် ဘာအကြောင်းနှင့်မျှ အိုးဝေအပေါ်သံသယမဖြစ်မိပေ။ သူ့ထံသို့ဆယ်ကျော် သက်အရွယ် ယောကျာ်းလျာလေးတစ်ယောက် စိတ်ရူးပေါက်၍ ရောက်လာခြင်းဖြစ်သည်ဟုသာ သဘောထားမိသည်။ ပြီးတော့သူသည် အိုးဝေအပေါ်တွင် ချက်ချင်း ခင်မင်စိတ်ဖြစ်လာသည်။ စကားစမြည်းပြောရင်း ကော်ဖီဖျော်တိုက်သည်။ မနက်စာစားပြီးမှပြန်ရန် အကြိမ်ကြိမ်ပြောသည်။ အိုးဝေကခရီးဆက်ရန် ရှိသေးသည်ဟု အကြောင်းပြကာ တောင်းပန်သည်။

မည်သို့ဆိုစေ အိုးဝေသည် သစ်တောခေါင်ကြီး ဦးဌေးကျော်၌ အမြိုင်၊

ဋ္ဌေးသီတာနှင့် ချိုချိုဟုဆိုသော သမီး ၃-ယောက်ရှိသည်။ သမီးအကြီးအမြိုင်မှာ အိမ်ထောင်ရှင်ဖြစ်၍ ညီမအငယ်ဆုံးချိုချိုနှင့်အတူရန်ကုန်မြို့ တစ်ဖက်ကမ်းဒလမြို့မှ မိဘပိုင်နေအိမ်၌ ပင် နေသည်။ ဦးဋ္ဌေးကျော်၌ အိမ်ထောင်မရှိတော့။ ကွယ်လွန်သွားပြီ။ ထို့ကြောင့်သစ်တောခေါင်းအလုပ်နှင့်ပင် ဘိုဂတ်(စ်)ဘန်ဂလို၌ နေသည်။ သမီးလတ်ဋ္ဌေးသီတာကို ဘန်ဂလိုသို့ခေါ်ထားသည် စသည်ဖြင့် ဋ္ဌေးသီတာ တို့၏ ဘဂတစ်စိတ်တစ်ဒေသကို သိခွင့်ရလိုက်သည်။

"စကားပြောလို့ကောင်းပါရဲ့ အချိန်တွေလည်း ကြာသွားပြီ၊ ခရီးဆက်စရာရှိသေးလို့

ကျွန်တော်ကိုပြန်ခွင့်ပြုပါအုံး"

အိုးဝေက ဋ္ဌေးသီတာကို နှုတ်ဆက်သည်။ ဋ္ဌေးသီတာသည်ဘန်ဂလိုဝင်းတံခါးနား ရောက်သည် အခါ အိုးဝေကိုလိုက်ပို့သည်။

"နောက်ကြုံလဲ လာလည်နော်"

"ဟုတ်ကဲ့အစ်မ၊ ကျွန်တော်ပြန်မယ်နော်"

"နေ နေပါဦးမောင်လေးရဲ့၊ မင်းနာမည်ပြောခဲ့ပါအုံး"

ခုမှဋ္ဌေးသီတာက သတိတရမေးသည်။ အိုးဝေသည် ဝင်းတံခါးအပြင်ရောက်မှ ဋ္ဌေးသီတာဘက် သို့ ပြန်လှည့်ကြည့်သည်။

"ကျွန်တော်နာမည် အိုးဝေပါ၊ တောပန်းလေးပေါ့ဗျာ၊ ဒေါင်းတွန်တဲ့အသံပေါ့"

ဋ္ဌေးသီတာ၏ သဘောတကျ ရယ်မောသံများကို အိုးဝေခပ်လှမ်းလှမ်း ရောက်သည်အထိ ကြားနေရသည်။

ထို့နောက် အိုးဝေသည် တောလမ်းခရီးဖြင့် လက်ပံတန်းမြို့သို့အရောက်လာခဲ့သည်။ ထို့နောက် လက်ပံတန်းမှ တဆင့်

စစ်ကွင်းသို့ရောက်လာသည်။ အစ်မ စိန်လေးသည် မရောက်စဖူး ရောက်လာသောအခါ အိုးဝေကို တွေ့ရသောအခါ များစွာအံ့သြဝမ်းသာသွားသည်။

"အိုးဝေ အစ်မတို့ဆီကို အလည်လာ တာပေ့ါနော်...အဖေတို့ အမေ့တို့ရော

နေကောင်းကြရဲ့လား"

"နေကောင်းပါတယ်၊ အင်း... အစ်မတို့ဆီကို အလည်လာတာမဟုတ်ဘူး၊ အမြဲနေဘို့လာတာ"

"ဟင် ဟုတ်လား"

စိန်လေးက ဤမျှသာပြောရင်း အိုးဝေကို ပြန်ကြည့်သည်။ စိန်လေး၏ အကြည့်ထဲတွင် အိုးဝေသူတို့အိမ်သို့ ဘာကြောင့်လာနေမှာလဲဟူသော မေးခွန်းတွေပါနေသည်။ အိုးဝေသည် စိန်လေးရှေ့၌ ပင်သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ဆွဲချသည်။ ပြီးနောက် သူ့ဖြစ်ပုံအလုံးစုံကို ဖြည်းဖြည်းမှန်မှန်ပြောပြသည်။

စိန်းလေးသည် မိခင်ဒေါ်မြအေးနည်းတူ အိုးဝေအဖြစ်ကိုကြားရသောအခါ ပထမဒေါသ ထွက်သည်။ နောက်တော့ ဝမ်းနည်းယူကျုံးမရဖြစ်သည်။ မိခင်ပြောသည့်အတိုင်း ထိုကိစ္စကို ရဲဌာနသို့တိုင်၍ အရေးယူရန် စိန်လေးကပြောသော်လည်း အိုးဝေက ခေါင်းတွင်တွင် ခါသည်။ အံကိုတင်း တင်းကျိတ်သည်၊ မျက်လုံးများ မီးဝင်းဝင်းတောက်လာသည်။

"တစ်ချိန်မှာ ဒီကိစ္စကို ကျွန်မကိုယ်တိုင် ဖြေရှင်းပါ့မယ် အစ်မစိန်လေး.."

ထိုသို့ဖြင့်အိုးဝေသည် ကိုယ်ဝန်ဆောင်သည့် ကိစ္စကို သဘာဝအတိုင်း ကံဆိုးစွာကြုံရသည်။ ရပ်ကွက်ထဲတွင် သူ့ညီမလင်နဲ့ ကွဲလာသည်ဟု စိန်လေးက သတင်းလွှင့်ထားသည်။ သို့သော် လူ့သဘာဝ အတိုင်းထင်ရာမြင်ရာကို

ထင်သလိုကိုယ် လိုရာဆွဲ၍ ပြောနေကြသည်။ သဖန်းပိုး ထိုးနေကြသည်။ သို့သော်အိုးဝေကမူ။ ရှက်ရွံ့ဂမ်းနည်းဟန်လည်းမပြ။ ကိုယ်ဝန်သည် တစ်ယောက်၏ ရှိတတ်သော သဘာဝအတိုင်း အသွားအလာ အနေအထိုင် မပျက်ရှိသည်။

သို့သော် အိုးဝေအပေါ်သို့ မိန်းမဘာဝသည် များစွာစိုးမိုးလာသည်။ သူဖြစ်ချင်သော ယောကျာ်း ဘဝနှင့် တစ်စတစ်စခြားနားလာသော သူ့လက်ရှိဘဝကို အခြေအနေသည် အိုးဝေကို ကြီးစွာသော စိတ်ဆင်းရဲခြင်း ဖြစ်စေသည်။ စိတ်ပျက်အားလျော့စေသည်။

တစ်ခါ အချိန်အနည်းငယ် ကလေးတွေ့ရသော မင်းသော်ကိုပြန်၍ သတိရမိသည်။

သူ့ကြောင့် သူ၏ မိန်းမဘာဝကို ပို၍ သိသာထင်ရှားစေသည်။

သူ့ကြောင့်မိန်းမတို့၏ ကိုယ်ဝန်ဆောင်ခြင်းဒုက္ခကို ကြုံရသည်။

သူ့ကြောင့်ပင် နှစ်ပေါင်းများစွာ ထားခဲ့သော ရည်မှန်းချက်သည် သဲထဲရေသွန်ဖြစ် လုဖြစ်လာရသည်။

*

# အခန်း (၂)

"တောက်"

အိုးဝေက တောက်တစ်ချက်ပြင်းပြင်း ခေါက်လိုက်သည်။

"သိပ်နာနေလို့လား ညီမလေး၊ ခဏလေး ခဏလေးနော်"

"မဟုတ်ဘူး သိပ်နာကျည်းလို့၊ သိပ်နာကျည်းလို့"

"ဟင်"

စိန်လေးသည် ချွေးသီးချွေးပေါက်များ ထွက်နေသော အိုးဝေမျက်နှာကို လှမ်းကြည့်သည်။ စိန်လေးက သူ့ညီမအတွက် အစစအရာရာ လျောလျောလျူလျူ ဖြစ်စေရန် စိတ်ထဲက ဆုတောင်း နေသည်။ ဂမ်းဆွဲသည် ဒေါ်စောကလည်း ဝေယျာဝစ္စအားလုံးကို အစီစဉ်တကျ လုပ်ဆောင်ပေးနေသည်။ အိုးဝေမျက်နှာတွင်မူ ယခုတိုင်တင်းမာဆဲ အပေါ်သွားဖြင့် အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်ထားဆဲ။

"အူဝဲ အူဝဲ"

အိုးဝေ ကလေးငိုသံကို ကြားရသည်။

`ယောကျာ်းလေးဟဲ့" ဟုဆိုလိုက်သော ဒေါ်စောအသံကိုလည်းတဆက်တည်း ကြားရသည်။ အိုးဝေ၏ လက်နှစ်ဖက်စလုံးမှ လက်သီးဆုပ်များ ပြေကျသွားသည်။ တင်းထားသော ခန္ဓာကိုယ်တစ်ခုလုံး ပြေကျသွားသည်။ နှုတ်ခမ်းကို ကိုက်ထားသော သွားများနှင့်နဂိုအတိုင်း ပြန်ဖြစ်သွားသည်။

ဟုတ်သည် သူ့ဘဝ တစ်ခုပြီးသွားပြီ၊ မိန်းမဘဝဖြင့်မိန်းမ တစ်ယောက်၏ တာဝန်ကျေသွားပြီ၊ ထို့နောက် သူ့ဘဝသည် ဘဝအသစ်တစ်ခုသို့ မြွေအရေခွံလဲသလို ပြောင်းလဲသွားပြီဟု ထိုခဏ၌ နား လည်လိုက်သည်။ အိုးဝေက မပြုံးစဖူးပြုံး လိုက်သည်။ မှန်ပါသည်။ ထိုအပြုံးသည် ပင်သစ်လွင်နေလိမ့်မည်ဟု အိုးဝေကျေနပ်စွာ သိလိုက်သည်။

ကလေးနို့တိုက်ရသော သားသည်အမေဘဝ၊ မိန်းမတို့၏ ကျန်းမာရေးအတွက် လုပ်ဆောင် စရာကိစ္စတို့ကို လုပ်ဆောင်နေရသောဘဝ စသည်တို့ကို အိုးဝေသည် အချိန်အတန်ကြာ ကျော်ဖြတ်သေးသည်။

ထို့နောက်တော့ အိုးဝေသည် အစကအိုးဝေ။ ကြို့ပင်တန်းကုန်းက အိုးဝေဖြစ်၍ သွားသည်။ လောကသည် သူလိုချင်တာ တွေပေးရန်အသင့် စောင့်နေသည်ဟု ထင်ရသည်။

သားကလေးက တနင်္ဂနွေ သားလေးမို့ အမေ့နာမည်ပါ ထည့်လျက် `အောင်နိုင်ဝေ` ဟု မှည့်ထားသည်။ ယခုသား လေးအသက်အခါ လည်၍ တစ်နှစ်ပြည့်ပြီ။

“အစ်ကိုမြမောင်နဲ့ အစ်မစိန်လေး ကျွန်တော်တစ်ခုပြောမယ်”

ဟုတစ်နေ့အိုးဝေက စကားစလာသည်။ ခဲအိုနှင့်အစ်မ ကအိုးဝေပြောမည့် စကားကိုနား စွင့်လိုက်ကြသည်။

“ကျွန်တော်အစ်ကိုနဲ့ အစ်မတို့အိမ်မှာ နေနေစားနေတာ၊ ၂-နှစ်ပြည့်တော့မယ်နော်၊

ဒါပေမယ်ကျွန်တော်ဘဝ အကြောင်းနဲ့ကျွန်တော့်ရည်မှန်းချက်တွေကြောင့် အစ်ကိုတို့အိမ်မှာပဲ ဆက်နေရအုံးမယ်”

"နေပေါ့ တို့ကဘာပြောနေလို့လဲ"

မြမောင်က ဝင်ပြောသည်။

အိုးဝေသည် အစ်ကိုမြမောင်နှင့် အစ်မစိန်လေးတို့ အိမ်တွင် ရေရှည်ဆက်လက် နေထိုင်ရန် စဉ်းစားသည်။ သူတို့လည်း ချောင်လည်သူများ မဟုတ်၊ အစ်ကိုမြမောင်၏ ဆိုက်ကားနင်း၍ ရငွေနှင့် တစ်အိမ်ထောင် စုလုံးအပြင် အိုးဝေတို့ သားအမိ၏ စားဝတ်နေရေးနှင့် အစစအရာရာတို့ကို ကူညီဖြည့် ဆည်းနေရသည်။

"ကျွန်တော် ညနေကျောင်း ဆင်းချိန်ကစပြီး ညပိုင်းအချိန်တွေကို ဘူတာရုံမှာ ဈေးရောင်းချင်တယ် အစ်ကို၊ အဲဒါ..."

အိုးဝေက မြမောင်ကို မော့ကြည့်သည်။ မြမောင်က...

"ဘာပြုလို့ ဈေးရောင်းရမှာလဲ အိုး..."

"ဩော်...အစ်ကို အစ်မတို့ရဲ့ အိမ်ထောင်အပိုဝင် ငွေရလာအောင်လို့ပါ၊ ပြီးတော့ ကျွန်တော့် ဈေးရောင်းရတဲ့ ဝင်ငွေကလေးနဲ့"

အိုးဝေသည် ဆက်ပြောမည့် စကားကို မပြောဘဲရပ်ထားသည်။ မြမောင်နှင့် စိန်လေးသည် အိုးဝေသည် သူတို့အိမ်ထောင်စုအတွက် ဝင်ငွေ အပိုရလာအောင်အပြင် ဘာရည်ရွယ်ချက်နှင့် ဈေးရောင်းလိုသည့် အကြောင်းကို သိချင်နေသည်။ အိုးဝေက စဉ်းစားသည်။ သူသည် လက်ပံတန်း အစိုးရအထက်တန်း ကျောင်း၌ ခုနှစ်တန်း အောင်ခဲ့သည်။

အကြောင်း တစ်ခုကြောင့် ယခုအခါ အိုးဝေသည် ရည်မှန်းချက် ကြီးကြီးမားမားထား ရမည်ဖြစ်သည်။ သူ့ရည်မှန်းချက်ထဲတွင် သူဆယ်တန်း အောင်ဖို့လည်း ပါသည်၊ ဆယ်တန်းအောင် ချင်သည်၊ ဆယ်တန်းအောင်မှ လူရာဝင်မည်၊ အစစအရာရာ ရှေ့တက်လမ်းခရီး အတွက်လမ်းပွင့်

သွားမည်ဖြစ်သည်။

“ကျွန်တော်..ကျောင်းဆက်တက်ချင်တယ်”

“ဩော်..”

စိန်လေး အခုမှ သဘောပေါက် သွားသည်။ မည်သို့ဖြစ်စေ ညီမလုပ်သူ၏ ဆန္ဒကို စိန်လေးသည် မတားချင် ရက်တော့။

“ကျောင်းတက်တော့ ပညာရေးစရိတ်က လိုလာမယ် မဟုတ်လား၊ စာအုပ်ဖိုး၊ ခဲတံ၊

ဖောင်တိန်ဖိုး..အဲဒါတွေအတွက် အစ်ကိုတို့ အစ်မတို့ကို ဒုက္ခမပေးဘဲ

ကိုယ့်စရိတ်ကိုယ်ရှာချင်လို့ပါ”

“ဟုတ်ပါပြီ၊ ဈေးရောင်းပါပြီတဲ့၊ မင်းက ဘာရောင်းမှာလဲ”

မြမောင်က အားတက်သရော ဝင်မေးသည်။ ထိုအခါ အိုးဝေက..

“အို…ဘာပဲဖြစ်ဖြစ်ပေ့ါ၊ ဆီထမင်းနဲ့ စာကလေးကြော်ရောင်းမယ်ဗျာ၊ ဒါမှမဟုတ်ရင် ကြက်ဥ၊ ဘဲဥပြုတ်ပြီး ဆွဲခြင်းတစ်ခုနဲ့ထည့်ရောင်းမယ်ဗျာ၊ ရောင်းမယ်ဆိုရင် ရောင်းစရာတွေက

အများကြီးပါ…ဟုတ်လား၊ ကျွန်တော်ဈေးရောင်းမယ်နော်…”

အိုးဝေသည် စိတ်ပါလက်ပါပြောသည်၊ ပြီးတော့ ဈေးရောင်းဖို့ခွင့်ပြုရန်ကို ဆက်ပြောနေသည်။ နောက်ဆုံးတော့ အိုးဝေကို ဈေးရောင်းရန် ခွင့်ပြုလိုက်ရသည်။ အိုးဝေသည် လက်ပံတန်းဘာတာ ၌ ရထားဝင်ချိန်တွင် ဈေးရောင်းသောအခါ ဆီထမင်းနှင့် စာကလေးကြော်အပြင် ကြက်ဥ၊ ဘဲဥပါ ပြုတ်၍ ရောင်းသည်။ တစ်ခြားဈေးရောင်းသူများက ရထားဝင်ချိန်၊ ရထားစီးခရီးသည်များကို ရထားစင်္ကြံ ပေါ်မှ နေကာရောင်းသည်။

အိုးဝေကမူ ရထားပေါ်သို့ တက်ကာ ရောင်းသည်။ ယောကျ်ားလေးတစ်ယောက်လိုလို သွက်သွက်လက်လက် ချက်ချက်ချာချာရောင်းသည်။ ဈေးသည်ကလေး အိုးဝေကို ခရီးသည်တို့က စိတ်ဝင်စားကြသည်။

“နေပါဦး၊ ဘဲဥပြုတ်ရော၊ ဆီထမင်းနဲ့ စာကလေးကြော်ရောရောင်းတယ်ဆိုတော့

စာကလေးကြော်က ဆီထမင်းနဲ့ စားလို့ရပါပြီတဲ့၊ ကြက်ဥပြုတ်က ဘာနဲ့စားရမလဲကွ..”

တစ်ချို့က နောက်နောက်ပြောင်ပြောင် ရယ်မောမောဖြင့်ထိုသို့မေးသည်။

“ဘဲဥပြုတ်၊ ကြက်ဥပြုတ်ဆိုတာ သူချည်းစားလို့လည်းရတယ်၊ အစ်ကိုတို့ စားဖူးသလား၊

ဘဲဥပြုတ်၊ ကြက်ဥပြုတ်နဲ့ ဆီထမင်းနဲ့စားရင်၊ အပ့်..ကောင်းမှကောင်း အစ်ကိုမယုံရင်

စားကြည့်ပါလား”

အိုးဝေသည် ဝယ်သူရှေ့တွင် ဟန်နှင့်ပန်နှင့် အမူရာများနှင့်ပြောဆိုဈေးရောင်းသည်။ တစ်ချို့တစ်ခါမှ မစားဖူးသော ဘဲဥပြုတ်၊ ကြက်ဥပြုတ်နှင့် ဆီထမင်းကို ရောစားကြည့်သည်။ ”အ…ပ့်..ဟုတ်တယ်ကွ၊ တစ်မျိုးဘဲ၊ ဆိမ့်တိန့်တိန့် အီတီတီကလေး ဟားဟာ” ဟုပြောရင်း သဘောတကျရယ်ကြသည်။

အိုးဝေ ကျောင်းပြန်တက်ခဲ့သည်။ ထိုနှစ်တစ်နှစ်လုံး ဈေးရောင်းလိုက်၊ ကျောင်းတက်လိုက်ဖြင့် အိုးဝေသည် သူမပညာရေးအတွက်ကြိုးပမ်းခဲ့သည်။ နောက်တစ်နှစ်၌ ရှစ်တန်းအောင်သောအခါ အိုးဝေသည် ကိုးတန်းသို့

ရောက်လာသည်။ ကိုးတန်းမှ ဆယ်တန်း၊ အိုးဝေသည် ဆယ်တန်းသို့ ရောက်သောအခါ စိတ်ဓာတ်ပို၍ တက်ကြွလာသည်။ ငါ ဆယ်တန်းအောင်မှ ဟူသော စိတ်ထားက အိုးဝေထံတွင် အစဉ်အမြဲ ကိန်းဝပ်နေသည်။

"မင်းဆယ်တန်းအောင်ရင် ဘာလုပ်မလဲ အိုးဝေ"

တစ်နေ့ အိုးဝေ၏ အတန်းဖော် စိုးငြိမ်းကမေးသည်။

"ဘာလုပ်ရမှန်းမသိသေးပါဘူးကွာ"

"ဟာ....မင်းဟာက ဘယ်လိုလဲ၊ တက္ကသိုလ်ဆက်မသွားဘူးလား"

"မြန်မာပြည်က တက္ကသိုလ်တွေတင် မဟုတ်ဘူး၊ နိုင်ငံခြားတက္ကသိုလ်တွေပါသွားပြီး

ဘွဲ့တွေတစ်ထပ်ကြီးယူချင်တာပေါ့ကွာ၊ဒါပေမဲ့ငါ့ဘဝအခြေအနေ ငါ့ဘဝအကြောင်းတွေက

ရှိသေးတယ်"

စိုးညိမ်း စာနာဟန်နှင့် အိုးဝေကိုကြည့်သည်။

"အေးလေ၊ အဲဒါတော့ ငါသိသင့်သလောက် သိပါတယ်၊ အခုငါပြောချင်တာက

ခုတစ်ပတ်နှစ်ပတ် အတွင်းငါ့အဖေက ရန်ကုန်ရုံးချုပ်ကို ပြောင်းရတော့မယ်၊ ဆယ်တန်း ကျောင်းတက်ရင် ရန်ကုန်မှာ တက်ရမှာ"

"ကောင်းတာပေါ့ကွာ"

"အေး အဲဒါရှော့၊ ရန်ကုန်က တို့အိမ်လိပ်စာကို မင်းယူထား၊ ကျောက်မြောင်းထဲက တို့ဘိုးဘွားအိမ်ပဲ၊ မင်း ရန်ကုန်ရောက်တဲ့အခါအကြောင်းရှိရင် ဝင်ပေါ့ကွာ"

စိုးငြိမ်း၏ ဖခင်မှာ လက်ပံတန်းကောက်ပဲ သီးနှံရုံးမှ အရာရှိ တစ်ယောက်ဖြစ်သည်။ အိုးဝေသည် လိုရမယ်ရ စိုးငြိမ်းလိပ်စာ ကိုယူထားလိုက်သည်။ စိုးငြိမ်းတို့ ရန်ကုန်ပြောင်း သွားချိန်လောက်မှာပင် ကျောင်းများ ပြန်ဖွင့်တော့မည်။ အိုးဝေ ဒီနှစ်ဆယ်တန်းရောက်ပြီ။ စိုးငြိမ်းကိုသူပြောခဲ့သလို သူ့ဘဝအရေး သည် သေချာရေရာမှု မရှိသော်လည်းဆယ်တန်း ဆိုသော အဆင့်သည် လူ့ဘဝတစ်ခုအမြင့်သို့ တက်လှမ်းရန်ကြားခံ လှေကားထစ်တစ်ခုပင် မဟုတ်ပါလား။

“အူဝဲ အူဝဲ”

“ဟယ် မိန်းကလေးတော့၊ ချစ်စရာလေး”

*

# အခန်း (၃)

“ကလေးငိုသံ၊ ဝမ်းဆွဲသည့်မကြီး၏ အော် ပြောလိုက်သံ ထိုအသံနှစ်သည် ဦးမင်းဒင်၏ ရင်ထဲသို့ လေပွေတစ်ချက် ဝေ့လိုက်သလို ရောက်ရက်ခတ်သွားသည်။ ချက်ချင်းပင် မီးနေခန်းသို့ ပြေးဝင်ကာ မနှင်းဆီနှင့်ကလေး အခြေအနေကို ကြည့်လိုက်ချင်သည်။ သို့သော်ယောကျာ်း တစ်ယောက်အနေဖြင့် မီးနေခန်းသို့ မဝင်အပ်ဟု ပြောကြသည်။ထို့ကြောင့် ဦးမင်းဒင်သည် သူ့ဆန္ဒကိုခေတ္တ အောင့်ထားလိုက်ရသည်။ ထိုသို့ဖြင့် အချိန်အနည်း ငယ်ကြာသွားသည်။”

“အရေးပိုင်ကြီး ကလေးလာကြည့်လို့ ရပြီရှင့်”

မိန်းမအသံတစ်သံကို ကြားလျှင်ကြားချင်း ဦးမင်းဒင်သည် အခန်းဝသို့ လျှောက်လာသည်။ အခန်းတွင်းမှ လိုက်ကာကိုမတင်ထားကြသည်။မနှင်းဆီမှာ အိပ်ယာပေါ်၌ မျက်လုံးမှိတ်လျှက်ရှိသည်။ ဦးမင်းဒင်သည် အိမ်ယာဘေး၌ ထိုင်သည်။ ထိုအခါမှ မနှင်းဆီသည်မှေးထားသောမျက်လုံးများကို ဖွင့်ကာဦးမင်းဒင်ကို ကြည့်သည်။

“နေကောင်းတယ်နော် နှင်းဆီ”

“ကောင်းပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးသမီးလေးကိုကြည့်ပါအုံး”

မိန်းမတစ်ယောက် အနှီးဖြင့်ထွေးထားသော ကလေးကိုပွေ့ယူကာဦးမင်းဒင် လက်ထဲသို့ ကမ်းပေးသည်။ ဦးမင်းဒင်သည် ကလေး၏ ကိုယ်မှ အနှီးတို့ကို ခွာပစ်လိုက်သည်။

ပြီးနောက်ကလေးကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ-

"ဒါမှ ငါ့သမီးကွ"

ဟုနှုတ်မှဖမ်း သာအားရဆိုကာ အပေါ်သို့မြှောက် လိုက်သည်။ ကြည့်မဝသလို ကလေး တစ်ကိုယ်လုံးကို လျှောက်ကြည့်နေသည်။ ကလေး၏ ရင်ဘတ်တစ်ခုလုံးတွင် နီညိုရောင် အမှတ်ကြီး တစ်ခုကိုဦးမင်းဒင် တွေ့ရသည်။ ကလေးက အူဝဲသံမပြတ် ကျယ်ကျယ် လောင်လောင် ငိုနေသည်။ ထိုအခါ ဦးမင်းဒင်က ကျေနပ်စွာဟက်ဟက် ပက်ပက်ရယ်သည်။

"ဒီသမီးလေးက နှင်းဆီအပေါ်မှာ အစ်ကိုကြီးချစ်တဲ့အချစ်ရဲ့အနှစ်ကလေးပေါ့ကွာ"

ထိုအခါ မနှင်းဆီသည် ဦးမင်းဒင်၏ စကားကို သဘောကျသဖြင့်ယဲ့ယဲ့ပြုံးသည်။

"ကဲကြာတယ်၊ အဲဒီ အချစ်ရော အချစ်ရဲ့အနှစ်ကလေးရောသေကြပေတော့ ဒိုင်း ဒိုင်း

မေရီဝင်း၏ ဒေါသသံနှင့်အတူ သေနတ်သံနှစ်ချက်ကြားရသည် အံ့အားသင့်ချိန်ပင် မရလိုက်။ဦးမင်းဒင်က ပြူးကျယ်သောမျက်လုံးများကအခန်းဆီသို့ လှမ်းကြည့်လိုက်သည်။ အိပ်ရာပေါ်မှမနှင်းဆီသည် မျက်နှာတစ်ချက်မဲ့ကာ တွန့်လိမ်သွားသည်။ သူ့ရင်ဘက်ပေါ်တွင် သွေးများပွက်ခနဲ ထွက်လာသည်ကို မြင်ရသည်။ နောက်ငြိမ်သက်သွားသည်။

"မင်း ဘယ်လိုနှယ့် လုပ်လိုက်တာလဲ မေရီ၊ ဘယ်နှယ့်လုပ်လိုက်လိုက်တာလဲ"

"မယားငယ် မျိုးဆက် ဖြုတ်လိုက်တာလေ၊ ကဲ....ရှင့်လက်ထဲကလေးကိုလည်း အောက်ချလိုက်၊ ကျွန်မပစ်သတ်မလို့"

လက်သည်မိန်းမကြီးအပါအဝင် မိန်းမသုံးယောက်သည် ပထမ၌ ကြက်သေ သေလျက်ရှိသည်။ နောက်မှ မနှင်းဆီကို ဆွဲထူကြသည်။

“အားလုံးအပြင်ထွက်သွားကြ၊ ငါပြောနေတယ်နော်၊ ထွက်မသွားရင်နင်တို့အားလုံးကို ပစ်သတ်လိုက်မယ်”

ခြောက်လုံးပြူးသေနတ်ကို ကိုင်ထားရင်း မေရီဝင်းက အော်ပြောသည်။ မိန်းမအားလုံး ကြောက်လန့်တကြားဖြင့် အခန်းတွင်းမှ အိမ်အောက်ထပ်သို့ ပြေးဆင်းသွားကြသည်။

“ကိုကို ကိုကို့လက်ထဲက ကလေးကို အောက်ပစ်ချလိုက်”

“မင်း တော်တော် ရက်စက်တဲ့ မိန်းမပါလား၊ မအေကို သတ်ပြီးလို့ ကလေးကို ထပ်သတ်အုံးမယ်ပေ့ါ ဟုတ်လား”

“ဟုတ်တယ်၊ ဒါမှ မယားငယ်မျိုးဆက်ပြုတ်မှာ”

ဦးမင်းဒင် စိတ်ထဲတွင် တုန်လှုပ်ချောက်ခြားရင်းမှ ဒေါသအိုးတို့ ပေါက်ကွဲသွားသည်။ ကလေးတစ်ဖက်နှင့်မို့ မည်သို့မျှ မလှုပ်ရှားနိုင်သော်လည်း သူသည် မေရီဝင်းကို အင်ကုန်အား ကုန်ထိုးကြိတ် ရိုက်နှက်ပစ်လိုက်ချင်သည်။ မေရီဝင်းသည် သေနတ်ကိုင်ထားလျက်က ဦးမင်းဒင်နားသို့ ကပ်လာသည်။ ကပ်လာစဉ် ကြောက်စရာကောင်းလှသော အပြုံးတစ်မျိုးကိုပြုံးသည်ကို ရက်စက်သောအပြုံးက ဦးမင်းဒင်လက်ထဲမှကလေးကို မရအရယူတော့မည့်ပုံပေါ်နေသည်။

“ကလေးကို မထိနဲ့နော်၊ ငါ့အသက်နဲ့လဲပစ်လိုက်မယ်”

“ကိုကို အသက်နဲ့မလဲရပါဘူး၊ ဒီကလေးကို ကိုကို့ အသက်နဲ့လဲရလောက်အောင်

တန်ဖိုးမရှိပါဘူး၊ ပေါက်လွတ်ပဲစား တောကြိုအုံကြားက

မိန်းမမွေးတဲ့ကလေးပါ”

ကလေးက ကျယ်လောင်စွာ ငိုနေသည်။ ဦးမင်းဒင် ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ မေရီဝင်းက သူ့ထံသို့လာကာ ကလေးကိုအကြမ်းပတမ်းလုပါက ရက်သားပင် မပြည့်သေးသော မွေးစကလေးအတွက် အသက်အန္တရာယ် စိုးရိမ်နေသည်။ မေရီဝင်း၏ အမူအရာကလည်း မဆင်မခြင် ဆင် ကန်းတောတိုးလုပ်မည့်ပုံ ရာနှုန်းပြည့်ဖြစ်နေသည်။

“မင်း ထွက်သွား၊ ခု ထွက်သွား မေရီ”

“ဟား ဟား ဟာ ကိုကိုက ဒီကလေးကို ဒီလောက်ချစ်နေသလား၊ အဲဒီ လိုကလေးမျိုး ဘယ်နှယောက်လိုချင်သလဲ၊ မေရီအရွယ်ရှိပါသေးတယ်၊ မေရီမွေးနိုင်ပါသေးတယ် ဟား ဟား”

မေရီဝင်းက သူ့ရယ်သံမဆုံးခင်ပင် ဦးမင်းဒင်ဆီသို့ တစ်ဟုန်ထိုးပြေးဝင်လာသည်။

“ဒီလိုမလုပ်ပါနဲ့ မမလေး”

ဦးမင်းဒင် ရပ်နေရာ နောက်ဘက်ရှိ ဗီရိုတစ်လုံးနောက်ကွယ်မှဒွေးကျော် ရုတ်တရက် ပြေးထွက်လာပြီး မေရီဝင်းကို လက်ဖြင့် ဆောင့်တွန်းလိုက်သည်။ မေရီဝင်းနောက်ဘက်သို့ ယိုင်သွားသည်။ ဒွေးကျော်သည် ဦးမင်းဒင်လက်မှ ကလေးကိုဖျတ်ခနဲ ဆွဲယူလိုက်သည်။ ထို့နောက်လှေကားဆီသို့ ပြေးဆင်းသွားသည်။

“အမယ် မင်းက ဘာဆိုင်လို့လဲ ကဲ မင်းလဲ သေပေတော့ဒိုင်း”

မေရီဝင်းသည် လှေကားဆီသို့ ရောက်သွားသော ဒွေးကျော်ကို သေနတ်ဖြင့် တစ်ချက်လှမ်းပစ်လိုက်သည်။ ဒွေးကျော် ဘယ်ဘက်လက်ပြင်ကို ထိသွားသည်။ သို့သော် ဒွေးကျော်သည် သေနတ်ဒဏ်ရာကိုမမှုဘဲ ကလေးကိုရင်ခွင်၌ ပွေ့ချီကာ အောက်ထပ်သို့ တစ်ဟုန်ထိုးဆင်းသွားသည်။

ဤသည်မှာ သစ်တော့အရေးပိုင်ကြီး ဦးမင်းဒင်၏ အတိတ်ကဇာတ်လမ်း၊ ကြေကွဲဖွယ်ရာ နည်းဖွယ်ရာ အဖြစ်-

“မနှင်းဆီဆိုတာ အလယ်ရိုးမ တောင်ခြေနားက အိုင်သာယာရွာသူ မိဘမဲ့၊ ဆွေမျိုးသားချင်းများနဲ့ ဆင်းဆင်းရဲရဲနေရတဲ့ မိန်းကလေး၊ အဲ.... ဦးမင်းဒင်ရဲ့ တတိယမြောက် ဇနီးဆိုပါတော့”

ပြောရင်း သစ်တော့ခေါင်းကြီး ဦးဌေးကျော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးမင်းဒင်ကိုလှမ်းကြည့်သည်။

“ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို သူတို့နားလည်အောင်သာ ဆက်ရှင်းပြလိုက်ပါ။ သူတို့နားလည်ဖို့

အရေးကြီးတယ် ဌေးကျော်”

“ဟုတ်ကဲ့ အစ်ကိုကြီး”

ဦးဌေးကျော်က ဦးမင်းဒင်၏ အပြောကို ခေါင်းညိတ်နာခံလိုက်သည်။

“အဲ- ဦးမင်းဒင်မှာ ဒေါ်ခင်စိုးရီဆိုတဲ့ ဇနီးကြီးလည်း ရှိသေးတော့၊ မေရီဝင်းလို့ခေါ်တဲ့ မင်းတို့အမေဟာ ဒုတိယမြောက် ဇနီးလို့ဆိုရမှာပေါ့”

မင်းဇော်ရော မင်းသော်ပါ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

“တစ်ဖက်က ဆင်းရဲနွမ်းပါးပြီး အဖေအမေမရှိတဲ့ တစ်ကောက်ကွက်၊ တစ်ဖက်က သစ်တောအရေးပိုင်ကြီးရဲ့ ဇနီး၊ ဒီလိုအခြေအနေဆိုတော့ မေရီဝင်းကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုဟာ အဲဒီ ဟင်နရီဘိုဂတ်(စ်)ဘန်ဂလိုပေါ်မှာတင် ပျောက်ကွယ်သွားခဲ့ပါတယ်၊ အဲဒီ နယ်တစ်နယ်လုံးကလူတွေ နောက်ဆုံးသိတာကတော့ မနှင်းဆီဟာ ကလေး မွေးပြီးပြီးချင်းမီး တွင်းထဲမှာဆုံးပါး သွားတယ်ဆိုတဲ့အကြောင်းပဲ၊ ဒီလိုဖြစ်ရတာ ကလဲသေ တဲ့သူလည်း သေသွားပြီဖြစ်လို့ ရှင်သူဇနီး မေရီဝင်းကို ဒုက္ခမရောက် စေလိုတဲ့ ဦးမင်းဒင်ရဲ့

ဆန္ဒလည်းပါတယ်ပေါ့

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်ကွာ”

ဦးမင်းဒင်က ဦးငွေးကျော်၏ အပြောကို သံဝေဂသံဖြင့် ဝင်၍ ထောက်ခံသည်။

“အဲ ခုဆက်ပြောမှာက ကလေးကိစ္စ အဲဒီ လိုဖြစ်ပြီးတဲ့ နောက်တစ်နေ့မှာ အရေးပိုင်ကြီးရော မေရီဝင်းပါ အင်္ဂပူကိုပြန်သွားကြတယ်၊ ရက်သားသာရှိသေးတဲ့ ကလေးကို မနှင်းဆီဇာတိ အိုင်သာယာရွာထဲက မုဆိုးမတစ်ယောက်ဆီမှာ အပ်ထားပြီး ဆိတ်နို့၊ နွားနို့နဲ့ ဖြစ်သလိုမွေးလာရင်း သုံးလလောက်ကြာတော့ အင်္ဂပူက အစ်ကိုကြီး ဦးမင်းဒင်ဆီလူလွှတ်ပြီး ကလေးကိစ္စ ဘယ်လိုလုပ်မလဲလို့ မေးပါတယ်”

`ဟုတ်တယ်၊ မင်းလူလွှတ်မေးတဲ့အထိ မေရီဒေါသမပြေသေးဘူး၊ ဘာကြောင့်ဒီလောက်ဒေါသ အာဃာတတွေ ဖြစ်ရသလဲဆိုတော့အမွေကိစ္စပါပဲ၊ ငါ့မှာခင်စိုးရီနဲ့ သားတစ်ယောက်ရှိတယ်၊ မေရီနဲ့တော့ခုမင်းနဲ့စကားပြောနေတဲ့ သားနှစ်ယောက်ပေါ့လေ၊ အဲဒီ အချိန်တုန်းက ခင်စိုးရီကလဲ သေသွားပြီ၊ သူနဲ့ရခဲ့တဲ့ တစ်ယောက်တည်းသော သားကလဲ သူ့အလုပ် သူ့အကိုင်နဲ့သူ့ဖာသာ ဖာသိဖာသာ နေတယ်၊ ပြောရရင်ကွာ၊ အမွေကိစ္စကို လုံးလုံး စိတ်မဝင်စားတဲ့ပုံပဲ၊ ဒီတော့ တစ်ချိန်ဖြစ်ပေါ်လာမဲ့အမွေကိစ္စမှာ မနှင်းဆီနဲ့သမီးက ဝင်ရှုပ်လာမှာမေရီက ကြောက်တယ်၊ ငါ့ဆီက အမွေတွေကို သူနဲ့သူ့သားတွေသာ ပိုင်ဆိုင်ချင်တယ်`

ဦးငွေးကျော်သည် ဦးမင်းဒင်ကိုကြည့်ရင်း သဘောပေါက်စွာပြုံးသည်။ ပြီးမှ စကားဆက်သည်။

`မင်းတို့စဉ်းစားကြည့်၊ အဲဒီ တုန်းက ငါ့မှာသစ်တော ခေါင်းအလုပ်ကလည်း တစ်ဖက်နဲ့ဆိုတော့ ကလေးကိုကြာရှည် မကြည့်နိုင်ဘူး၊ ဂရုမစိုက်နိုင်ဘူး၊ ဒါနဲ့တစ်နေ့တော့ တောင်ခြေကို တောပစ်ထွက်လာတဲ့

လူသုံးယောက်တွေ့ရင်း ငါနဲ့မိတ်ဆွေဖြစ်ကြတယ်၊ အဲဒီ သုံးယောက်ထဲက အသက်လေးဆယ်ကျော် လောက်ရှိမယ့်ကိုဘိုးဆင် ဆိုတာက အိမ်ထောင်ရှိတယ်၊ ကျန်တဲ့ နှစ်ယောက်ကကို ဘိုးဆင်ဆူတွေ၊ လူပျိုတွေပါ၊ ဒါနဲ့တိုတိုပြောရရင်ကွာ၊ ကိုဘိုးဆင်ဟာ အိမ်ထောင်ရှိပေမယ့် အိမ်ထောင်သက် ဆယ်နှစ်ရောက်တဲ့အထိ ကလေးမရသေးဘူး၊ ကလေး ရှူးရှူးနေတယ်

ဦးဌေးကျော်သည် စကားပြောခဏရပ်ရင်း လက်ထဲမှဆေးပေါ့လိပ်ကို မီးညှိဖွာသည်။

`တောလိုက်ရင်း ငါနဲ့ကလေးကိစ္စစကားစပ်မိကြတော့ အဲဒီ ကလေးကို သူမွေးစား ပါရစေလို့ ကိုဘိုးဆင်က ငါ့ကိုပြောတယ်။ အဲဒီ အချိန်မှာ အစ်ကိုကြီး ဦးမင်းဒင်ဟာ ကလေးကိစ္စနဲ့ ပတ်သက်ပြီးပေးလျက် ကံထားနေတယ်၊ မေ့မေ့ပျောက်ပျောက်ဖြစ် နေပြီလို့ငါထင် မိတယ်၊ ဒါနဲ့သုံးလကျော်သမီး လောက်ရှိတဲ့ မနှင်းဆီရဲ့သမီးကို ကိုဘိုးဆင် လက်ထဲ ထည့်ပေးလိုက်တယ်`

`နေပါအုံး ဦးလေးရဲ့ အဲဒီ ဒေါ်နှင်းဆီမှာ အဖေရော အမေရော မရှိပေမယ့် သူ့ဆွေမျိုး သားချင်းတွေ တစ်ယောက်တစ်လေ မှမရှိဘူးလား၊ ကလေးကိုမွေးချင်တဲ့ လူတစ်ယောက်မှ မပေါ်ဘူးလား`

မင်းသော်ဝင်မေးသည်။ ဦးဌေးကျော်က ခေါင်းညိတ်ပြသည်။

`မနှင်းဆီအဖေ ဘက်က ဆွေမျိုးအချို့တော့ အိုင်သာယာမှာရှိပါတယ်၊ ဒါပေမယ့် သူတို့လည်းဆင်းရဲကြလို့ ကလေးကို လိုလိုချင်ချင် မရှိလှဘူး၊ ငါ့သဘောကလည်း တကယ်လို့ ဒီကလေးကို ရွာကလူတစ်ယောက် ကမွေးစားလိုက်ရင် ဒီကလေးရဲ့ ရှေ့ရေးကဘာမှ မျော်လင့်ချက်ရှိမှာ မဟုတ်ဘူး၊ ဒီလိုပဲရွာမှာ ဆင်းဆင်းရဲရဲနဲ့နေရင်း အသက်ကြီးပြင်းပြီး ဘဝနိဂုံးချုပ်သွားမှာ ဒါတွေကို တွေးမိလို့ဒီက လေးရှေ့ရေးကိုကြည့်ပြီး ငါကဒီလို စီစဉ်လိုက်တာနောက် တစ်ခုက ဒီကလေးရွာမှာ အသက်ရှင်လျက် ရှိနေတဲ့ သတင်းရရင် မေရီဝင်းက နေမှာမဟုတ်ဘူး၊ မေရီဝင်းရန်က ကြောက်ရသေးတယ်`

ဦးဌေးကျော်က ထိုနေရာတွင် စကားရပ်လိုက်သည်။ ထို့နောက် ဦးမင်းဒင်သည် ပက်လက်ကုလား ထိုင်တွင် ထိုင်ရင်းသား နှစ်ယောက်ကို လှမ်းကြည့်သည်။

`အဲဒါ ဖေဖေ့ရဲ့အတိတ် ဘဝတစ်စိတ် ဒေသပဲ သားတို့၊ ဒီအချိန်ကျမှ ဇာတ်လမ်းကန့်လန့် ကာကို ဘာကြောင့် ဖွင့်ရတာ လဲ ဆိုတော့သားတို့ သိချင်လိမ့်မယ်၊ ခုဆိုရင်မင်းတို့ အမေ မေရီကွယ်လွန်ခဲ့တာ သုံးနှစ်ပြည့်ပြီ၊ ဖေဖေအသက်လည်း ခုနှစ်ဆယ်ပြည့်ပြီ၊ ပြောရရင်တော့ ကွာသေခါနီး ပြီပေါ့`

ဦးမင်းဒင် စကားပြောခတ္တနားသည်။ ပြီးမှ-

`ဖေဖေ လက်ပေါ်တင် သေသွားတဲ့ ဖေဖေ့ဆရာ သစ်တောမင်းကြီး ဟင်နရီဘိုဂတ်(စ်)က ဖေဖေ့ကို သူ့မသေခင် အမွေသဘောနဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အပါအဝင် ငွေကြေး အမြောက်မြားစွာ ကိုပေးထားခဲ့တယ်၊ ငွေကြေးတွေကိုတော့ ဖေဖေနာမည်နဲ့ ဘဏ်မှာအပ်ပေးခဲ့တယ် ရွှေငွေနဲ့အခြား ရတနာတွေကိုတော့ ဖေဖေတစ်ယောက်တည်း သိတဲ့နေရာမှာ ဖေဖေလုံခြုံစွာ သိမ်းထားတယ်၊ မင်းတို့သိအောင်ပြောရရင် ပစ္စည်းတန်ဖိုးနဲ့ ငွေကြေးစုစုပေါင်းက သိန်းပေါင်းများစွာပေါ့ကွာ`

`မကြာခင် သေရတော့မယ့် ဖေဖေဟာအဲဒီ ငွေကြေးတွေကို အမွေအဖြစ်သား သမီးတွေကို ပေးခဲ့ချင်တယ်၊ ရန်ကုန်မှာနေတဲ့ခင်စိုးရီရဲ့သားနဲ့ အဖေ့သားမင်းဇော်နဲ့ မွေးစားသားမင်းသော် မနှင်းဆီရဲ့သမီးကလေးကိုပါပေါ့၊ ခုပြောရင်းတောင် ငါ့သမီးလေးကို မျက်စိထဲမှာပြန်ပြီး မြင်ယောင်လာတယ် မနှင်းဆီးဂမ်းက ကျွတ်လွတ် ချင်းကိုယ်တုံးလုံးနဲ့ ကလေးလေး ကိုဖေဖေ့ လက်နဲ့ မြှောက်ကြည့်ခဲ့တဲ့ မြင်ကွင်းကိုလေ`

ယခုတိုင် ဦးမင်းဒင်သည် ထိုစကားကိုပြောရင်းကြည်နူးစွာပြုံးနေသေးသည်။ အတန်ကြာ ပြုံးနေသော

ဦးမင်းဒင်ကို ဦးငွေကျော်ကကြည့်ရင်း-

`အမွေကိစ္စအတွက် မင်းတို့ဖေဖေက သူ့သမီးရဲ့အကြောင်းကိုင့်ါကိုခေါ်မေးလို့ လွန်ခဲ့တဲ့ဆယ့်ငါးနှစ် ကျော်ကျော်က အဖြစ်ကိုခု ပြောပြနေရတာ ၊ ကလေးကိုပေး လိုက်တုန်းက ကိုဘိုးဆင်ရဲ့ လိပ်စာကိုင့်ါရဲ့ ဒိုင်ယာရီထဲမှာ ထည့်မှတ်ထားခဲ့တယ်၊ ခုမင်းတို့ ဖေဖေ ပြောမှသိမ်းထားတဲ့ ဒိုင်ယာရီအဟောင်းတွေကို ပြန်ရှာကြည့်ရအုံးမယ် င့်ါစိတ်ထဲမှာခပ် ရေးရေးမှတ်မိနေတာက ကိုဘိုးဆင်ကမော်လမြိုင် မှာနေတာ ၊ ရန်ကုန် ကမာရွတ်က ဆင်ရေတွင်းရပ်ကွက် ထဲမှာသူ့တူတွေဆီ အလည်လာရင်း တောင်ခြေကို တောပစ်ထွက် လာကြတာ`

ထိုစဉ် `အင်း...နေအုံးကွ`ဟုဦးမင်းဒင်က ဦးငွေကျော်ကိုလက်ကာတားလိုက်သည်။ ဦးငွေ ကျော်နှင့် သားမင်းဇော်၊ မွေးစားသား မင်းသော်တို့ပါ ဦးမင်းဒင် စကားကို နားစွင့်လိုက်ကြသည်။

`ငွေကျော် ဘိုးဆင်လိပ်စာကို ဒိုင်ယာရီ အဟောင်းထဲ ကပြန်တွေ့လို့အဲဒီ ကို သွားရှာရင်လည်း နှစ်ပေါင်းကြာပြီ ဆိုတော့ သူတို့ဟာ အဲဒီ နေရာမှာ ရှိချင်မှရှိတော့မယ်၊ ပြီးတော့သတ္တဝါ ဆိုတာသေမျိုးတွေ မဟုတ်လား၊ ဘိုးဆင်နဲ့သူ့မိန်းမလည်း အသက်ကြီးပြီး သေချင်သေကြမယ်၊ င့်ါသမီးလေးလည်း ဒီအချိန်ထိ အသက်ရှင်လျှက်ရှိမယ်လို့ ကံသေကံမ မပြောနိုင်ဘူး၊ ဒါပေမယ့်`

`ဟုတ်ကဲ့ အစ်ကိုကြီး`

`သမီးသေသွားပြီးရင်လည်း သေတဲ့အကြောင်းအထောက် အထားခိုင်ခိုင် လုံလုံနဲ့ ငါသိချင်တယ်၊ ဥပမာကွာ ဘိုးဆင်မိန်းမဘက်က ဆွေမျိုးတွေကဖြစ်ဖြစ်၊ ဘိုးဆင်ဘက်က ညီအစ်ကိုမောင်နှမ တစ်ဦးဦးကပဲဖြစ်ဖြစ်၊ င့်ါသမီးလေးသေသွားတဲ့အကြောင်းကို တိတိကျကျ ပြောနိုင်တာမျိုးပေ့ါ၊ ဒါပေမယ့် ဒီအရွယ်နဲ့ င့်ါသမီးလေးမသေ သေးဘူးလို့ ငါယုံကြည်တယ်၊ တကယ်လို့ မသေခဲ့ရင်

သူ့ကိုသိနိုင်ဖို့ အကြောင်းတစ်ခုက ငါ့မှာရှိနေတယ်`

“ဟုတ်ကဲ့ အစ်ကိုကြီး”

“ငါ့သမီးလေးမှာ မိန်းကလေးအယောက် တစ်သိန်းမှာ တစ်ယောက်ပါခဲ့တဲ့ ထင်ရှားတဲ့အမှတ် ရှိတယ်၊ အဲဒီ အမှတ်အသား ကိုငါ့သမီးမွေးမွေးချင်း ကိုယ်တုံးလ ကလေးနဲ့ ငါ့လက်နဲ့သူ့ကို မြှောက်ကြည့်ရင်း တွေ့ရတာ အဲဒါကတော့ သူ့ရင်ဘတ်တစ်ခုလုံးပေါ်မှာ နီညိုရောင် အမှတ်အသားတစ်ခု”

မင်းသော် နှုတ်မှဟင်ခနဲ အာမေဋ္ဌိတ်သံထွက် သွားမလိုဖြစ်သွားသည်။ `သေချာရဲ့လား`ဟု သူ့ကိုယ်သူစိတ်ထဲပြန် မေးရင်းထိုအဖြစ်ကို မျက်လုံးမှေး၍ ချက်ချင်း စဉ်းစားသည်။ လွန်ခဲ့သော သုံးလေးနှစ်ခန့်က အဖြစ်အပျက်၊ အလယ်ရိုးမ၏ တောင်ခြေမှလှိုဏ်ကြီး တစ်ခုအတွင်း ငှက်ပစ်ထွက်လာသော ကောင်မလေးတစ်ယောက်၊ ဟုတ်သည်။မဟုတ်သည်။ ထိုစဉ်က မင်းသော်မျက်နှာမျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ ထိုကောင်မလေး ရင်ဘတ်တွင် ဖေဖေခုပြောသော နီညိုရောင် အမှတ်ကြီးရှိသည်။ ထိုအမှတ်ကြီးကို ထိုအမှတ်ကြီးကို သူသည်.....

`အဲဒီ တော့ ငွေးကျော်က ဦးဆောင်ပြီး အလုပ်အားနေတဲ့ မင်းသော်အတူ ငါ့သမီးလေးကို ရှာပုံတော်ဖွင့် စေချင်တယ်၊ ငွေးကျော်ခုပင်စင် ယူပြီး အလုပ်အားနေတယ် ဆိုတော့ ဒီအလုပ်ကို တစ်စိုက် မတ်မတ်လုပ်ဖို့ မင်းကိုငါ တိုက်တွန်းချင်တယ် မင်းဇော်ကခပ်အေးအေး နေတတ်တဲ့ သူဆိုတော့ ဒီအလုပ်နဲ့ မကိုက်လို့ ငါတာဝန်မပေးတာ`

ဖေဖေပြောသလို မိန်းကလေးတစ်သိန်းတွင်မှ တစ်ယောက်ရှိခဲ့သော ထိုအမှတ်အသား တစ်ခု၊ မင်းသော် အလေးအနက်စဉ်းစားတုံး ရှိသေးသည်။

`နောက်တစ်ခု ပြောလိုက်ဦးမယ်၊ ငါ့မှာရှိတဲ့ အမွေတွေကို

ငါ့သမီးလေးတွေ့မှ သားလေးယောက် အညီအမျှခွဲ ဝေပေးမှာနော်၊ အဲ ... ကံဆိုးလို့ ငါ့သမီးလေး မရှိဘူးဆိုရင်လည်း သူသေတဲ့အကြောင်း တိကျခိုင်လုံတဲ့ အထောက်အထားရမှ ကျန်တဲ့သားတွေကို ငါက အမွေခွဲပေးနိုင်မှာ`

ဦးမင်းဒင် သူ့၏ အတိတ် ဇာတ်လမ်းကို အမွေကိစ္စပါရော၍ ဤနေရာတွင် အဆုံး သတ်လိုက်သည်။

`ရင်ဘတ်မှာ အမှတ်ကြီးရှိတဲ့ မိန်းကလေးကို ငါတွေ့ခဲ့တာ အလယ်ရိုးမတောင်ခြေမှာ၊ ဒါပေမယ့် သစ်တောခေါင်းကြီးဦး ဒွေးကျော်က ရင်ဘတ်မှာ အမှတ်ပါတဲ့ ဖေဖေ့သမီးလေး ကို သုံးလသမီးအရွယ်ကပဲ မော်လမြိုင်က ကိုဘိုးဆင် ဆိုတဲ့လူလက်ထဲ မွေးစားဖို့ပေးလိုက်သတဲ့။ မော်လမြိုင်မှာရှိတဲ့ အဲဒီ အဖေ့သမီးဟာ အလယ်ရိုးမတောင်ခြေကို ငှက်ပစ်ထွက်လာတာတော့ မဖြစ်နိုင်ပါဘူး၊ ဒါဖြင့် ရင်ဘတ်မှာ အမှတ်ကြီးရှိတဲ့ မိန်းကလေးက နှစ်ယောက်ဖြစ်နေသလား`

မင်းသော်သည် အတွေး သံသရာ လည်မဆုံးဖြစ်နေသည်။ တန်ဖိုးကြီးလှသော အမွေကိစ္စအတွက် ဤကိစ္စသည်များစွာ သံသယဝင်စရာဖြစ နေသည်ဟုလည်း ဆက်၍ တွေးမိသည်။ မည်သို့ဖြစ်စေ ရှင်းလင်း ပြတ်သားသော အဖြေတစ်ခုရရန် မင်းသော် ကြိုးစားရမည်။

*